

# Hmue

# သခင့်ရှေ့မှောက် ဦးညွတ်ခစား

## Part - 1

"တရားခံ မောင်နေဝသုန်အား မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှု ဖြန့်ဖြူးရောင်းချမှု တို့ ကြောင့်  ထောင်ဒဏ် ခြောက်နှစ်ကျခံရန် အမိန့်ချမှတ်လိုက်သည် "

တရားသူကြီးရဲ့ စကားအဆုံး၌

"အမလေး  သားလေး ... မေမေ့သားလေး ..."

သည်းထန်စွာ ငိုကြွေးနေတဲ့ မိခင်လုပ်သူရဲ့ အသံက ထွက်ပေါ်လာ၏။

"မငိုပါနဲ့ မာမီ ဒီက သားမိုက်ကြီး အတွက် ..."

သူ စိတ်ထဲကသာ ရေရွတ်လိုက်ရင်း ရဲသားတွေ ခေါ်ဆောင်ရာဆီသို့ ...

"သား ...သား"

မာမီရဲ့ တကြော်ကြော် အော်သံတွေက နောက်ပါးဆီမှာ ကျန်ရစ်ခဲ့၏ ။

***

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပြီး

"၁၀နှစ်ခန့် ကြာသောအခါ"

"တေးသီ ဟော့ တေးသီ ..."

တကြော်ကြော် အော်ခေါ်ရင်း အိမ်ရှေ့ကို ထွက်လာတဲ့

မိန်းကလေး တစ်ယောက် ...

"တေးသီ ... "

အုန်းပင် ပင်စည်လေးကို မှီရင်း အိပ်ပျော်နေတဲ့ သူမရဲ့ သူငယ်ချင်း မလေး တေးသီပျို ...

ပေါင်ပေါ်မှာ လည်း စာအုပ်လေး တစ်အုပ်ကို တင်လျက်သား ... အိပ်နေရင်း ပြုံးလိုက် ရယ်လိုက် ဖြစ်နေတဲ့ ပုံလေးကြောင့် သူမ ခေါင်းလေး ယမ်းလိုက်ရင်း

"ဟဲ့ တေးသီ ..."

နား နားကို ကပ်အော်လိုက်တာကြောင့်

"အမလေး ဘုရား ကုဝေရိနဲ့ ငါနဲ့ ညား ..."

ပျာပျာသလဲ ထယောင်လိုက်တဲ့ သူမလေး ...

"တေးသီမ ကုဝေရိက င့ါအတွက်ပဲနော် လုဖို့ မစဉ်းစားနဲ့ "

"အမလေး ဖြစ်ရတယ် မပန်းသွယ်ရယ် ...ကုဝေရိကို တေး အရင် ကြိုက်တာပါနော် ... "

"ငါ အရင်ကြိုက်တာပါနော် င့ါမင်းသားလေး ... "

"တီ ... တီ"

အိမ်ရှေ့က ထွက်ပေါ်လာသော ကားဟွန်းသံကြောင့်

"ခဏနော် ပန်းသွယ် ... "

သူမ စာအုပ်လေးကို ပန်းသွယ်ဆီ ကမ်းပေးရင်း ခြံတံခါးကို ပြေးဖွင့်ပေးလိုက်၏။

"မမလွှန်း ..."

သူမလေးရဲ့ ဝမ်းသာအားရ အသံလေးနှင့် အတူ ကားထဲက ထွက်လာတဲ့ မျက်နှာ ခပ်တင်းတင်းနဲ့ အမျိုးသမီး တစ်ယောက်။

ဖြူဖွေးသော အသားအရေနဲ့ ခန္ဓာကိုယ် အချိုးအစားက ပုရိသယောကျ်ားတွေ ကြွေဆင်းနိုင်မယ့် ပုံစံမျိုး ...

တည်ကြည်နေတဲ့ မျက်နှာပြင်က ဘယ်လောက်ထိ မာနတရားတို့ ပြည့်လျှံနေမှန်း ခန့်မှန်းနေစရာ မလိုတော့တာ ...

"သမီးလွှန်း ရောက်ပြီလား ..."

အိမ်ထဲက ထွက်လာရင်း မေးလိုက်တဲ့ ကြီးမေအသံကြောင့်

"ရောက်ပြီ ကြီးမေ အခန်းပြင်ထားတယ် မဟုတ်လား ... မေလွှန်း နားတော့မယ် အထုပ်တွေကို မေးလွှန်း အခန်းထဲ ယူခဲ့ပေးပါ ... "

ပြောပြောဆိုဆို ကြော့ကြော့မော့မော့ ထွက်သွားတဲ့ မမလွှန်း တစ်နည်းအားဖြင့် ဒီအိမ်ကြီးရဲ့ အရှင်သခင် မေလွှန်းစံ

"မမတေး နှုတ်ဆက်နေတာကိုတောင် လှိုက်လှိုက်လှဲလှဲ မရှိဘူး... မမတေးက သူ့ညီမအရင်း မဟုတ်ပေမဲ့ သူ့အဒေါ်အရင်းရဲ့ သမီးပါ ... "

"ဟဲ့ ပုံပုံ ..."

ကြီးမေက သူမ မျက်နှာပျက်သွားတာ မြင်လိုက်သည် ထင် … ပုံပုံကို လှမ်းဟန့်လိုက်၏။

"ကြီးမေ တေးကို အထုပ်တွေပေး … တေး ကူသယ်ပေးမယ်"

အထုပ်လေးတွေကို ဆွဲယူလိုက်ရင်း ခပ်ပြုံးပြုံး ပြောလိုက်တဲ့ မျက်နှာလေးကြောင့် ဒေါ်ထွေးညို တစ်ယောက် သူမလေးကို စိတ်မကောင်းစွာ ကြည့်နေမိ၏။

"ကြီးမေ စိတ်မကောင်း မဖြစ်ပါနဲ့ တေး ဘာမှ မဖြစ်ပါဘူး"

ပြောပြောဆိုဆို အထုပ်လေးကို ဆွဲယူရင်း ထွက်သွားလိုက်၏။

"ဒေါက် … ဒေါက်"

"မမလွန်း… တေး ဝင် လာပြီနော် …"

"အထဲရောက်နေပြီ မဟုတ်လား အပိုတွေမပြောနဲ့ …"

"ဟီး … ဟီး မမကလည်း "

ရှေ့သွား ကြီးကြီးလေး နှစ်ချောင်း ပေါ်လာအောင်ထိ ရယ်လိုက်ရင်း အထုပ်လေးတွေကို ချလိုက်၏။

"မမလွန်း ဒီမှာ ရက်အကြာကြီးနေမှာ မဟုတ်လားဟင် တေးနဲ့ ဘုရားသွားပေးပါလား မနက်ဖြန် မေမေ့ နှစ်ပတ်လည်မို့လို့ …"

"မမ အလုပ်တွေ မအားဘူး တေး… မမကို လာမရှုပ်နဲ့ …"

ထအော်လိုက်တဲ့ အသံကြောင့် ဖျတ်ခနဲ ကျလာတဲ့ မျက်ရည်စက် တချို့ …

မမ မမြင်အောင် မျက်ရည်စက်တွေကို မျက်တောင်ရှည်ကြီးတွေနဲ့

ကာဆီးလိုက်ရင်း

"အဲဒါဆို မမ နားလိုက်ပါဦး ...တေး သွားတော့မယ်"

ပြောပြောဆိုဆို ထွက်သွားဖို့ ပြင်လိုက်တဲ့ သူမလေး

"ခဏနေဦး ... "

အထုပ်တွေထဲက ပစ္စည်း တစ်ခုခုကို ယူလိုက်ဟန်

"ရော့ ..."

"ဘာကြီးလဲ ဟင် ..."

အထုပ်လေးကို ဖွင့်လိုက်ရင်း ရေရွတ်လိုက်တဲ့ သူမလေး

"လှလိုက်တာ ... "

ကြိုးသိုင်းဖိနပ် ပန်းဆီရောင်လေးကို ကြည့်ရင်း ရေရွတ်လိုက်တဲ့ သူမလေး

"ကျေးဇူးပါ မမလွန်း ... တေးသဘောကျလို့ ဟိုနေ့က My day မှာတောင် တင်ထားရတာ ..."

ဖိနပ်ထုပ်လေးကို ယူရင်း ခုန်ပေါက်နေတဲ့ ပုံစံလေးကြောင့် သူမ လှစ်ခနဲ ပြုံးလိုက်ရင်း

"ငါ့ကို သူများ လက်ဆောင်ပေးတာ ငါနဲ့ မတော်လို့ "

သူမ အပိုပြောတာပါ ... သူမ အဲဒီဖိနပ်ကိုရဖို့ လေယာဉ်ပေါ်က ဆင်းဆင်းချင်း သွားဝယ် ထားခဲ့ရတာ သူမ တေးရဲ့ My day လေးကို ကြည့်ရင်း သူမ လိုချင်နေမှန်း ထင်ခဲ့တာ ...

"မမကလည်း အဲဒီလိုကြီး မပြောပါနဲ့ မမ ဘယ်လိုပြောပြော တေး

က မမကို ချစ်ပြီးသားပါနော် ... "

"ကဲ မယ်မင်းကြီးမ ... ကြွတော့ ငါ နားတော့မယ်"

"ဟုတ်ကဲ့ မမနားပါ တေး သွားပြီ ... "

ပြောပြောဆိုဆို လှစ်ခနဲ ထွက်သွားတဲ့ သူမလေး ...

မမက မကောင်းတဲ့ လူလို့ ဘယ်သူတွေ ပြောနေပါစေ ... မမက သူမရဲ့ ကျေးဇူးရှင် ...မမက သူမအတွက် ဒုတိယ မွေးမိခင်သဖွယ် ... မေမေ ဆုံးပြီးတဲ့ နောက်မှာ မမကသာ သူမကို ဒီအရွယ်ရောက်အောင် ပြုစုခဲ့ရတာ ... မေမေဆုံးတော့ သူမက ၈နှစ်သမီးပဲ ရှိသေးတာ ... မျက်စိသငယ် နားသငယ်နဲ့ ဘာမှ မသိတဲ့ ကလေးမလေးကို မမက အမေလိုတစ်မျိုး အဖေလိုတစ်ဖုံ စောင့်ရှောက်ခဲ့တာ သူမ အခွင့်အရေး ကြုံရင် မမကို ကျေးဇူး ဆပ်ချင်ပါသေးတယ် ... ဒါက သူမရဲ့ ရင်တွင်းစကား ...

***

"Green House" Company က အရင်က နာမည်ကြီး Company လေ ... ခုတော့ အရင်က နာမည်ကြီးတယ် ဆိုတဲ့ သတင်းလေးပဲ ကျန်ရစ်တော့တယ် ..."

"ခုတော့ ဘာမှ မရှိတဲ့ လဟာပြင်ကြီးပဲ ဖြစ်သွားပြီ ဒါနဲ့ အဲဒီ Company ပိုင်ရှင်ရဲ့ သားက ဆေးမှုနဲ့ ထောင်ကျတာဆို ..."

"လွန်ခဲ့တဲ့ ၁ဂနှစ်က အမှုလား ငါလည်း ကြားလိုက်သလိုပဲ"

"ဟုတ်တယ် ဘာ သူ့နာမည်က ဘာ ..."

"နေတော့ နေပဲဟ ..."

"သိပြီ ... သိပြီ နေဝသုန် ... နေဝသုန်"

မြေယာကွက်ကြီးကို ငေးကြည့်ရင်း ပြောနေကြတဲ့ လူတစ်စု ...

"မိဘ ချမ်းသာတော့လည်း သားသမီးတွေက ဆိုးသွမ်းကြတာကိုး ... "

"မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုတဲ့ လေ... အဖေလုပ်သူက အဲဒီ သတင်းကြောင့် နိုင်ငံခြားမှာ တင် Shock ရပြီး ဆုံးသွားတာတဲ့ လေ ..."

"မိဘကို တော်တော် ဒုက္ခပေးကြတာပဲ ... ဒါပေ့ါ သားဆိုး သမီးဆိုး တွေပဲလေ အဲဒီလို သားမျိုးကြောင့် ... မိဘတွေ ဘယ်လောက်တောင် စိတ်ဆင်းရဲ နေကြမလဲ ..."

"ဟုတ်ပ့ါအေ..."

"ဒါမျိုးက ရန်သူမျိုး ငါးပါးထဲက တစ်ပါး အပါအဝင် အမွေခံ သား ဆိုး သမီးဆိုးတွေ ..."

"ငါတို့ လည်း ဒီလိုသား၊ သမီးမျိုး မရတာ ကံကောင်းခြင်း တစ်မျိုးပဲ ... "

"သူ ခုပြန်လွတ် လာပြီလား"

"ကျတာက ဖြနှစ်လောက်ဆိုတော့ လွတ်လောက်ပါပြီ"

တစ်ဖက်က လူတွေရဲ့ အသံတွေက သူ့ရဲ့ အကြောင်းကို ပြောနေဟန် ...

"အစ်ကိုလေး ..."

ယိုင်သွားတဲ့ ခန္ဓာကိုယ်လေးကို ထိန်းပေးရင်း သူ့ကို စိုးရိမ်တကြီး

ခေါ်လိုက်တဲ့ ခွန်းညီအသံ...

"ငါ ဘာမှ မဖြစ်ဘူး ခွန်းညီ ..."

"ကျွန်တော်တို့ ပြန်ကြရအောင် အစ်ကိုလေး ... "

"ရတယ် ..."

"ပြန်ကြပါမယ် အစ်ကိုလေးရယ်"

ခွန်းညီက ပြောပြောဆိုဆို သူ့ကိုတွဲပြီး ကားဆီ ခေါ်သွားလိုက်၏။

"မိဘကို တော်တော် ဒုက္ခပေးကြတာပဲ ... ဒါပေ့ါ သားဆိုး၊ မီးဆိုးတွေပဲလေ အဲဒီလို သားမျိုးကြောင့် မိဘတွေ ဘယ်လောက်တောင် စိတ်ဆင်းရဲ နေကြမလဲ ... "

အထပ်ထပ် ကြားယောင်မိနေသော အသံတွေ ...

"ငါက မကောင်းတဲ့ ကောင်ပါ ... ငါ့ကြောင့် ငါ့မိဘတွေ လူဘုံအလယ်မှာ ဘယ်လောက်တောင် နှာခေါင်းရှုံ့ ခံရမလဲ ..."

"အစ်ကိုလေး အပြစ် မဟုတ်ပါဘူး အစ်ကိုလေးရယ် ..."

"မေလွန်းစံ ... အဲဒီမိန်းမကို ငါမုန်းတယ် သူ့ကြောင့် ... သူ့ကြောင့် . .."

ဒေါသအရှိန်ကြောင့် နီရဲနေတဲ့ မျက်နှာပြင် ... အံကြိတ်ပြီး လက်သီးတင်းတင်း ဆုပ်ထားတဲ့ ပုံစံက သူ ဘယ်လောက် ဒေါသ ထွက်နေမှန်း ခန့်မှန်းစရာ မလို ...

ဒေါသအရှိန်ကြောင့် စကားသံတွေက ပျောက်ရှကုန်၏။

"ငါ မင်းကိုမုန်းတယ် မေလွန်းစံ ... နောက်ပိုင်း မင်း ခံစားရဖို့ ပြင်ထား ... "

သူ အသံတိတ် ရေရွတ်လိုက်၏။

***

"တေးရေ ... တေး ပြန်ကြမယ် ဒီကလေးမလေး ... ဘယ် ..."

ရေခဲမုန့်ဆိုင်ရှေ့မှာ မြင်လိုက်ရတဲ့ အရိပ်လေးကြောင့် ဒေါ်ထွေးညို ပြုံးလိုက်ရင်း သူမလေးဆီ သွားလိုက်၏။

"ကြီးမေ ... "

"တေးလေးရယ် ကြီးမေကို ဘယ်သွားမယ်လို့ ပြောမသွားတော့ ရှာနေရတာ ... "

"တေး ပြောသွားတယ်လေ ကြီးမေရဲ့ ကြီးမေ မကြားတာ ထင်တယ် "

"ကြီးမေ မကြားမိလိုက်ဘူး ပြီးပြီလား တေးလေး..."

"ဟုတ် ပြီးပြီ ကြီးမေ ... အို"

သူမက နောက်ဘက်ကိုအလှည့် လူတစ်ယောက်နဲ့ တိုက်မိသွားပြီး လက်ထဲက ရေခဲမုန့်လေးက မြေပြင်ထက် ကျသွား၏။

"ရေခဲမုန့်လေး ..."

နှမြောတသ ပြောလိုက်တဲ့ သူမအသံလေးကြောင့်

"လောနေလို့ တောင်းပန်ပါတယ် ... "

မျက်ဝန်းနက်နက်လေးနဲ့ လူတစ်ယောက်က သူမဘက်ကို ဖျတ်ခနဲ

လှည့်ကြည့်ရင်း ပြောလိုက်တဲ့ အသံချိုချိုလေး သူမ ဘာမှ မပြောမိဘဲ သူ သူမအနားအထိ လမ်းလျှောက်လာတာကို မမှိတ်မသုန် ငေးကြည့်နေမိ၏။

"ဘာဖြစ်သွားသေးလဲ ညီမလေး ... "

သူမ ရှေ့တည့်တည့်မှာ ရပ်ရင်း ပြောလိုက်တာကြောင့်

"ဘာမှ မဖြစ်ပါဘူး ဟိုဟာ ... "

မြေပြင်ပေါ်လေးကို ကျသွားတဲ့ ရေခဲမုန့်လေးကို လက်ညှိုးထိုးပြရင်း ပြောလိုက်တဲ့ သူမလေးပုံစံ ...

"ကိုယ် ထပ်ဝယ်ပေးမယ်နော် ... "

"မဟုတ်တာ တေးအမှားပါ တေးက ရုတ်တရက် နောက်ကို လှည့်လိုက်လို့ ..."

"တေး တဲ့ လား ..."

"ရှင်"

"ကိုယ့်နာမည်က ဆွတ်ပျံ့မောင်တဲ့ နောက်တစ်ခါ လမ်းမှာ တွေ့ရင် နှုတ်ဆက်မယ်နော် ... ကလေးလေး ခုတော့ ကိုယ် သွားတော့မယ် အရေးကြီးနေလို့ ... နောက်တစ်ခါမှ ရေခဲမုန့် ပြန်ဝယ်ကျွေးမယ်"

သူမဆံပင်လေးကို ခပ်ဖွဖွသပ်ရင်း ပြောပြောဆိုဆို ကားဆီ ထွက်ပြေးသွားတဲ့ သူ

"တေးလေး သွားကြမယ် ကြီးမေတို့ နောက်ကျနေဦးမယ်"

"ဟုတ်ကဲ့ ကြီးမေ ... "

သူမ ကြီးမေလက်ထဲက အထုပ်တွေကို ကူသယ်ရင်း ပြန်လာလိုက်

၏။

"ဆွတ်ပျံ့မောင်"တဲ့

ဒီနာမည်လေးက သူမ အတွေးထဲမှာ အကြိမ်ကြိမ် ရေရွတ်နေမိ၏။

နောက်တစ်ခါတော့ ပြန်တွေ့ချင်ပါသေးတယ်...

***

## Part - 2

"တောက် "

"ဒုန်း ... "

စားပွဲတင်ထက်က စာအုပ်တွေကို ကြမ်းပြင်ထက်ကို ဆွဲချလိုက်ရင်း သူဒေါသတကြီး သောင်းကျန်းနေမိ၏။

ချစ်မိတဲ့ လူက အမြဲတမ်း နာကျင်ရတယ်တဲ့ ... ဟုတ်ပါတယ် အမြဲတမ်း သူမကြောင့် သူ အမြဲ စိတ်ဆင်းရဲ ခဲ့ရတယ်။

ဖနွစ် ... အဲဒီ ဖနွစ် သူထောင်ထဲမှာ နေခဲရတဲ့ ဖနွစ်လုံး ဘယ်လောက်တောင်မှ ဒုက္ခတွေ ခံစားခဲ့ရသလဲ။

"ကျွန်တော် ခင်ဗျားကို ချစ်ခဲ့ပါတယ် ... မေလွန်းစံ အဲဒါက လွန်ခဲ့တဲ့ အသက်၁၈နှစ်က နေ၀သုန်ပါ... ခုတော့ ကျွန်တော့် ရင်ထဲမှာ ခင်ဗျားအတွက် အမုန်းတရားပဲ ရှိတော့တယ် ...ခင်ဗျား အသက်ရှင်နေသရွေ့ စိတ်မချမ်းသာမှုတွေပဲ ခံစားစေရမယ် ..."

သူ မှန်တံခါးမှာ ပေါ်လာတဲ့ သူ့ပုံရိပ်လေးကို ငေးကြည့်ရင်း ဒေါသတကြီး ရေရွတ်လိုက်၏။

"သား တောင်းပန်ပါတယ် ဖေဖေ ... ကျွန်တော့်ကြောင့် သာ ဖေဖေ ဆုံးခဲ့ရတာ... ဒါပေမဲ့ စိတ်ချပါ အဲဒီမိန်းမလည်း တစ်သက်လုံး စိတ်မ

ချမ်းသာစေရဘူး ..."

"ဒေါက် ... "

သူဒေါသတကြီး စာအုပ်လေးကို ဆွဲယူလိုက်တော့ သူ့ခြေထောက်ရှေ့ကို ကျလာတဲ့ အရာတစ်ခု...

ကောင်လေး တစ်ယောက် ရင်ခွင်ထက်မှာ ပြုံးပျော်နေတဲ့ မိန်းကလေး တစ်ယောက် ...

ကောင်လေး မျက်နှာကလည်း အရမ်းပျော်ရွှင်နေဟန်...

"ဟာကွာ ..."

သူဒေါသတကြီး ရေရွတ်လိုက်ရင်း ဓာတ်ပုံလေးကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ဖြဲဆုတ်နေမိ၏။

"မုန်းတယ် ငါမင်းကို မုန်းတယ် မေလွန်းစံ "

"အစ်ကိုလေး ... "

အသံနှင့် အတူ အခန်းထဲ ဝင်လာတဲ့ ခွန်းညီ ပြန့်ကျဲနေတဲ့ စာရွက်စာတမ်းတွေကို တစ်ချက်ကြည့်ရင်း သက်ပြင်းသဲ့သဲ့ ချနေမိ၏။

"အဲဒီ မြေနေရာကို ဝယ်ပြီးလား ... "

တည်ငြိမ်စွာ ပြောနေတဲ့ ပုံစံက ခုနက ဒေါသတကြီး ဖြစ်နေတဲ့ ပုံစံနှင့် တခြားစီ...

"ဟုတ်ကဲ့ ... အစ်ကိုလေး ကျွန်တော်တို့ ဘက်က ဈေးသုံးဆ ပိုပေးလိုက်တာ အဲဒီမြေနေရာ တန်ဖိုးထက် နည်းနည်းများ ပိုနေသလားလို့ ... "

"No ... No ကိစ္စမရှိဘူး ငါလိုချင်တာ အဲဒီ မြေနေရာပဲ ဘယ်လောက်

ပေးရပေးရ ..."

လျှို့ဝှက်စွာ ပြုံးလိုက်တဲ့ ပုံစံက အရာရာကို ပြတ်သားအောင် လုပ်တော့မယ်လို့ အသိပေးနေသယောင် ...

"ခုချိန်မှာ မေလွန်းစံတစ်ယောက် ဘယ်လောက်တောင် ဒေါပွနေမလဲ မသိဘူး ... "

သူ ညစ်ကျယ်ကျယ် ပြုံးလိုက်ရင်း...

"ငါလိုချင်တာ အဲဒါပဲ သူမ စိတ်ဆင်းရဲစရာ အရာရာတိုင်းကို ငါ့လက်နဲ့ ကိုယ်တိုင် ဖန်တီးမယ် ခွန်းညီ ... "

သူ တစ်ယောက်တည်း ရေရွတ်သလို ပြောရင်း တစ်ဆက်တည်း ခွန်းညီကို ခေါ်လိုက်၏။

"ဗျာ ... အစ်ကိုလေး "

"အဲဒီနေရာမှာ ဘာအဆောက်အအုံ ဆောက်ရကောင်းမလဲ ..."

"ဗျာ ... "

အံ့သြတကြီး ရေရွတ်လိုက်တဲ့ ခွန်းညီအသံကြောင့် သူ ခွန်းညီကို ပြုံးကြည့်လိုက်ရင်း...

"သူဝယ်ချင်တဲ့ မြေနေရာကို ရပြီး သူဆောက်ဖို့ လုပ်နေတဲ့ အဆောက်အအုံသာ ဆောက်လိုက်ရင် ဟွန့်..."

ခပ်ဟဟ ပြုံးလိုက်ရင်း ဒေါသတကြီး ဖြစ်နေမယ့် သူမမျက်နှာကို ပြေးမြင်ယောင်မိတယ်...

"Good job ပါ မေလွန်းစံ တစ်နေ့နေ့တော့ ငါနဲ့ မင်း တွေ့ကြတာ

ပေါ့ ..."

ခု သူ့ရင်ထဲမှာ အမုန်းတရားတွေက အပြည့် ...

***

"အမလေး ... အမလေး ဒေါ်ပန်းသွယ် မျက်နှာမှာ ပုရွတ်ဆိတ်တွေ ထောင်သောင်းမက တက်နေပြီ ..."

အိမ်ထဲကို ဝင်လာရင်း ပြောလိုက်တဲ့ တေးအသံကြောင့်

"တေးစုတ်တေးပျက် သူများ စိတ်ကူးယဉ်နေတာကို ဖျက်လို ဖျက် ဆီးနဲ့ ..."

"နှာခေါင်းက မီးတောက်နေပြီလေ ... "

"ခွေးမ ... "

ပန်းသွယ် ပစ်ပေးလိုက်တဲ့ ခေါင်းအုံးလေးကို လှမ်းဖမ်းလိုက်ရင်း...

"နာရီလည်း ကြည့်ဦး ဒေါ်ပန်းသွယ် ရှင့်လူကြီးမိုလို့ စိတ်ရှည် လက်ရှည် စောင့်ပေးတာ တေးသာ ရှင့်လူကြီးဆို ရှင့်လို အိပ်ပုပ် အစား ပုပ်မကို မကြိုက်ပါဘူး ..."

"Fa မတွေများ သူများ ချစ်သူရနေတာကို မနာလို မရှုစိတ်နဲ့ ဖြစ်နေ တာ ..."

"အမလေး ဖြစ်ရတယ် ..."

ပခုံးလေးကို ဟန်ပါပါ တွန့်ပြရင်း ပြောနေတဲ့ ပုံလေးက ကလေး

လေး တစ်ယောက်အလား...

"အမလေး ...အမလေး "

"လန့်လိုက်တာဟယ် ..."

ပန်းသွယ်ရဲ့ အလန့်တကြား အသံကြောင့် သူမ ရင်ဘတ်ကလေးကို ဖိလိုက်ရင်း အလန့်တကြား ရေရွတ်လိုက်၏။

"စနာရီ ... စနာရီတောင် ထိုးပြီလား ငါ သူနဲ့ ချိန်းထားတာ မေ့တော့ မလို့ ..."

အိပ်ရာထက်ကနေ ကပျာကသီ လူးလဲထရင်း

"တေး ငါ့ဖို့ အဝတ်အစား ရွေးပေးထားပါဦး ငါ သူနဲ့ ၈း၃၀ ချိန်းထား တာ ဒုက္ခပါပဲ ..."

ခုတင် ထက်ကနေ ခုန်ပြန်ဆင်းရင်း ရေချိုးခန်းထဲကို ဝင်သွားတဲ့ သူ ငယ်ချင်း ဖြစ်သူကို ကြည့်ရင်း သူမ ခေါင်းယမ်း မိသွားရင်း ဗီရိုတံခါးကို ဆွဲဖွင့်လိုက်၏။

ပြီးမှ သူမအတွက် အဝတ်အစားတွေ ရွေးထုတ်လိုက်၏။

"ခွမ်း ..."

"ဘာဖြစ်တာလဲ ပန်းသွယ် ... "

ရေချိုးခန်းထဲက အသံကြောင့် သူမ အလန့်တကြား မေးလိုက်၏။

"ဟီး ... ဘာမှ မဖြစ်ဘူး တဲ့လေးရေ ရေခွက် လွတ်ကျတာ ... "

"ဖြစ်ရရင်တော့ အထူးအဆန်းပဲ မပန်းသွယ် တေး အောက်ထပ်မှာ စောင့်မယ်နော် ပြီးရင်လာခဲ့တော့ ... "

"အေး ... အေး ၁၀မိနစ်နဲ့ အပြီး ပြင်လိုက်မယ်"

"အေးပါအေ ..."

သူမ အခန်းထဲမှ ထွက်လိုက်ရင်း အောက်ထပ် ဧည့်ခန်းဆီ ဆင်းလာလိုက်၏။

"တေးလေး မိပန်း မနိုးသေးတာလား"

"နိုးနေပြီ တီဆင့် သူ ရေချိုးနေတာ ... "

"မိပန်းကတော့ အရမ်း အပျင်းထူနေတာ ဒင်းသာ ယောက်ျားရရင်တော့ အိမ်ပေါ်က စောင့်ကန်ချခံရမယ် ... "

အပျိုကြီးပီပီ ပွစိပွစိ ပြောတတ်တဲ့ တီဆင့်ကြောင့် သူမ ပြုံးလိုက်မိ၏။

ပန်းသွယ်ကလည်း ပန်းသွယ်ပါ ... တီဆင့်သာ လေကုန်ပြီး မောသွားမယ် သူမ အကျင့်ကိုတော့ ပြင်မှာ မဟုတ်...

"တီဆင့် ပန်း သွားတော့မယ် တေး လာသွားမယ်"

သူမလက်ကို အတင်း ဆွဲခေါ်ရင်း ပျာပျာသလဲ ဖြစ်နေတဲ့ ပန်းသွယ်...

"ဟဲ့ ကလေးတွေ နံနက်စာ စားသွားဦးလေ"

"မစားတော့ဘူး တီဆင့်ရေ ... "

နောက်ပါးက ထွက်ပေါ်လာတဲ့ တီဆင့်အသံကြောင့် အိမ်ပေါက်ဝကနေ ပန်းသွယ်က လှမ်းအော်လိုက်ခြင်းသာ...

***

"ဘာရယ် ..."

အလန့်တကြား ထအော်လိုက်တဲ့ မေလွန်းစံ အသံကြောင့် အတွင်းရေးမှူးမလေး တုန်ယင်သွား၏။

"ဈေးစကား ပြောပြီးနေပြီဆို အမော် ... "

"ကျွန်မတို့ ဈေးစကား ပြောပြီးနေတာက အမှန်ပါ ဒါပေမဲ့ နောက်မှဝယ်သူက ကျွန်မတို့ ထက် ဈေးသုံးဆ ပိုပေးသွားတယ် ..."

"သုံးဆ ..."

သူမ ခပ်တိုးတိုး ရေရွတ်လိုက်၏။

"ဒါပေမဲ့ မမလွန်း အဲဒီနေရာက ..."

"ငါသိတယ် အမော် အဲဒီနေရာက အဲဒီလောက်ပေးဖို့ မတန်တဲ့ နေရာဆိုတာ ..."

"ဟုတ်တယ် မမလွန်း ..."

"ဒါ သက်သက်မဲ့ ငါတို့ Company ဘက်ကို ရန်စတဲ့ ပုံ..."

ဘယ်သူများ ပါလိမ့် ...

Companyတွေက အပြိုင်အဆိုင်တွေမို့ ဒီလိုလုပ်နိုင်ပေမဲ့ အမြတ်ရဖို့ပဲ စဉ်းစားကြတာပါ ဒါပေမဲ့ ခုဟာက... သူမကို သက်သက်မဲ့ ရန်စနေတဲ့ ပုံ…

"ဝယ်တဲ့ လူက ဘယ်သူလဲ သိလားအမော် ..."

"ကိုယ်စားလှယ်နဲ့ ဝယ်ခိုင်းတာ မမ ခြံရှင်ကလည်း ဘယ်လိုလူလဲ မသိဘူးတဲ့ ..."

မေလွန်းစံကို ဒါမျိုး လုပ်လို့ ရနိုင်လို့ လား ...

"မမ အဆောင်အအုံဆောက်ဖို့ ပစ္စည်းတွေက အကုန် အဆင်သင့်ဖြစ်နေပြီ ရှယ်ယာရှင်တွေကိုလည်း အသိပေးပြီးနေပြီ ... ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ ..."

မေလွန်းစံဆိုတဲ့ သူမရဲ့ ဘဝမှာ အလုပ်နဲ့ ပတ်သက်လာရင် ပေးထားတဲ့ ကတိကို အမြဲဖြစ်အောင် လုပ်တတ်တယ်...

ခုကျမှ ကတိ ပျက်ရတယ်လို့ အဖြစ်မခံနိုင် ...

"တောက် ... "

သူမ တောက်တစ်ချက် ခေါက်လိုက်ရင်း

သူမ ဒီနေရာကို ရောက်ဖို့ အရာရာတိုင်း ပေးဆပ်ထားရတာ

ဒီလို ကျရှုံးရတာ မဖြစ်သင့်ဘူး ...

"အမော် မမကို အဲဒီ ခြံပိုင်ရှင်ရဲ့ အိမ်လိပ်စာပေးပါ မမ သွားတွေ့ကြည့်မလို့ ... "

"ဟုတ်ကဲ့ မမ ..."

ဘေးနားက ဆလင်းဘတ် အိတ်နီနီလေးထဲကို ဖုန်းလေးကောက်ထည့် လိုက်ရင်း အခန်းထဲမှ ထွက်သွားဖို့ ပြင်လိုက်၏။

***

"မင်းကောင်မလေးက မလာသေးဘူးလားကွာ နာရီလည်း ကြည့်ပါဦး ..."

နာရီ တစ်ကြည့်ကြည့်နဲ့ စိတ်မရှည်ဟန် ဖြစ်နေသော သူငယ်ချင်းလုပ်သူ အပြောကြောင့်

"ဆွတ်ပျံ့ရယ် မင်းကလည်း ကွာ မိန်းကလေးပဲ ပြင်ရဆင်ရ ဦးမှာပေါ့ ..."

"နာရီဝက်တောင် စောင့်နေတာ ဖုန်းဆက်ကြည့်ပါဦး မလာတော့ဘူး ... "

"လာမှာ စိတ်ချ သူ့က အမြဲတမ်း ချိန်းထားတဲ့ အချိန်ထက် နာရီဝက်နောက်ကျနေကျ ... "

"ဘာရယ် ..."

"မင်းကလည်း ငါ နားစည်တောင် ကွဲထွက်တော့မယ်..."

အလန့်တကြား ထအော်လိုက်တဲ့ ဆွတ်ပျံ့ကြောင့် မင်းမင်း တစ်ယောက် နားကို ပိတ်လိုက်ရင်း ညည်းညူလိုက်၏။

"ဩော် ...မင်းမှာ လည်း ဒုက္ခပါလား မင်းမင်းရယ် ... "

"ငါ့အတွက်တော့ သုခတွေပါ ဆွတ်ပျံ့ရယ် ... မင်းလို ငှက်ပျောတုံးဖက်သေရမယ့် လူကတော့ ဒါတွေ ဘယ်နားလည်မလဲကွာ ဒါတွေ ပြောပြလည်း မင်းခံစားတတ်မှာ မဟုတ်ပါဘူး ..."

"ငါ ချစ်သူရည်းစား ထားချင်စိတ် ပျောက်အောင် မင်း လုပ်နေတာလည်း ထည့်ပြောဦးလေ ... "

"ဟိုမှာ ငါ့ကောင်မလေး လာပြီ ..."

မင်းမင်းအသံကြောင့် သူ လှည့်ကြည့်လိုက်တော့ မိုးပြာရောင် လက်ဖောင်းအင်္ကျီလေးနဲ့ အုတ်ခဲရောင် ထဘီလေး ဝတ်ထားပြီး ဆံနွယ်ရှည်လေးတွေက လေအဟုန်မှာ ဝဲပြန်နေ၏။

"သူမ ..."

ရေရွတ်လိုက်တဲ့ အသံတိုးတိုးလေး ...

'တေး ... တေး နဲ့ ' စကားကို ချစ်စဖွယ် ပြောတတ်တဲ့ သူမလေး ...

ရေခဲမုန့် ဆိုင်ရှေ့မှာ တွေ့ပြီးကတည်းက သူမလေးက သူ့အိပ်မက်ထိတောင် ပါလာတတ်တယ်...

အဲဒီ ရေခဲမုန့်ဆိုင် ရောက်တာနဲ့ သူမလေးများ ရှိနေမလားလို့ ရှာရတာ သူ့မှာ အမော ...

ဒါပေမဲ့ ခု...ခုတော့

ကံတရားက လှည့်စား ရက်ပြန်ပြီလား ... သူ့ရဲ့ အိပ်မက် မင်းသမီးလေးက သူငယ်ချင်းရဲ့ ချစ်သူတဲ့ လား...

ပြုံးပြုံးရွှင်ရွှင် ဖြစ်နေတဲ့ မျက်နှာက မှုန်သုန်သွား၏။ ပြီးတော့ မျက်နှာကို တည်လိုက်ရင်း အကြည့်ကို မြေပြင်ထက်သို့ ဦးတည်လိုက်၏။

"ဆွတ်ပျံ့ သူက ငါ့ချစ်သူ ပန်းသွယ်ကြိုး တဲ့ "

"ဘာ ... "

ပန်းသွယ်ကြိုး ဆိုတဲ့ နာမည်ကြောင့် မြေပြင်ထက်ကို ကြည့်နေတဲ့ မျက်ဝန်းတွေက အလောတကြီး မော့ကြည့်လိုက်၏။

တေးရဲ့ ဘေးနားမှာ သူ့ကို ပြုံးပြနေတဲ့ မိန်းကလေး တစ်ယောက် ...

"မင်းက ဘာဖြစ်ရပြန်တာလဲကွာ ... သူက ပန်းလေး သူငယ်ချင်း ...
"

"တွေ့ပြန်ပြီနော် ... ကလေး"

"အဲ ice-cream ..."

အံ့ဩရိပ်လေးနဲ့ နှုတ်ဆက်နေတဲ့ သူမပုံစံ ...

ice-cream လို့ သူမပါးစပ်က ထွက်သွားလိုက်တော့ သူမလေးက လည်း သူ့ကို မှတ်မိနေတဲ့ ပုံ...

"တေး ..."

"ဆွတ်ပျံ့"

ဟိုနှစ်ယောက်က သူ့တို့ နှစ်ယောက်ကို သိနေတယ်လား ဆိုတဲ့ အဓိပ္ပာယ်နဲ့ ကြည့်နေ၏။

"သိနေကြတာလား နှစ်ယောက်သားက ..."

"အင်း ..."

မပွင့်တပွင့် ထွက်ပေါ်လာသော သူမရဲ့ အသံတိုးတိုးလေး...

"ဘယ်တုန်းက သိနေတာလဲ တေး ... "

"ကိုယ့်ကိစ္စ ကိုယ်သာ ဂရုစိုက်ပါ မပန်းသွယ် အန်တီဆင့်က ဘာမှာ လိုက်တယ် မှတ်မိတယ်မလား"

"အေးပါ ...အေးပါ"

"ပန်း ဟိုဘက် မြစ်ကမ်းနားမှာ ရှုခင်းကောင်းတယ် သိလား... မနေ့

က ဖုန်းဆက်တော့ ဓာတ်ပုံရိုက်ချင်လို့ ပါဆို..."

"သွားကြမယ်လေ ကိုဆွတ်ပျံ့ကြီး ပန်းသူငယ်ချင်းကို ဂရုစိုက်လိုက်ပါဦး ..."

"ဟဲ့ ..."

ပြောင်စပ်စပ် ပန်းအပြောကြောင့် သူမ လှမ်းဟန့်လိုက်၏။

"စိတ်မပူပါနဲ့ ပန်းလေးရယ် ဆွတ်ပျံ့ သေချာလေး စကားပြောနော် . .."

"ဟော့ကောင် ..."

မင်းမင်း အပြောကြောင့် သူမ မျက်နှာလေး နှင်းဆီပန်းခင်း သဖွယ် ဖြစ်သွား၏။

"တေး ..."

ခေါင်းလေးကို အောက်ငုံ့ရင်း ရှက်ရွံ့နေတဲ့ သူမလေးကြောင့် သူ မချင့်မရဲ သူမလေးကို ခေါ်လိုက်၏။

"ရှင်..."

"ကိုယ် တေးနဲ့ သူငယ်ချင်း ဖြစ်လို့ ရတယ် မဟုတ်လား..."

"အဲဒါက..."

"ဖြစ်လို့ မရဘူးလား..."

"ရ ... ရပါတယ် ..."

"အဲဒီဆို ကိုယ်တို့ နှစ်ယောက် သူငယ်ချင်း ဖြစ်သွားပြီနော်..."

"ဟုတ် ..."

ခေါင်းလေးညိတ်ရင်း ပြောလိုက်တဲ့ သူမလေး ...

" ..."

"ဟယ်လို ... ဟုတ် ... ဟုတ်ကဲ့ မြစ်ကမ်းဘေးက seafood စားသောက်ဆိုင်မှာ ဟုတ် ..."

သူမ ဖုန်းလေးကို ချလိုက်ရင်း...

"တောင်းပန်ပါတယ် ကိုဆွတ်ပျံ့ ... တေးမမ လာခေါ်နေလို့ တေးသွားတော့မယ် ပန်းသွယ်ကို ပြောပေးလိုက်ပါဦး"

ဘေးလွယ်အိတ် အနက်ရောင်လေးကို လွယ်ရင်း အပြေးတစ်ပိုင်း ထွက်သွားတဲ့ သူမလေး နောက်ကိုသာ သူငေးကြည့်မိနေ၏။

ခဏလေး တွေ့ရလည်း မင်းက ကိုယ့်အိပ်မက်ထဲ ရောက်လာဦးမှာပါ တေး...

***